# ဥဒယဗ္ဗယဉာဏ်

## ဝိပဿနာညစ်ညူးကြောင်းတရား မဖြစ်တတ်သည့်ပုဂ္ဂိုလ်နှင့် ဖြစ်တတ်သည့်ပုဂ္ဂိုလ်

အရိယာပုဂ္ဂိုလ်၊ နည်းမှားလမ်းမှား ကျင့်သောပုဂ္ဂိုလ်၊ကမ္မဋ္ဌာန်းအလုပ်ကို ရပ်နားထားသော ပုဂ္ဂိုလ်၊ ပျင်းရိသောပုဂ္ဂိုလ်၊ ဗလဝဝိပဿကပုဂ္ဂိုလ်၊ နိဗ္ဗိဒါဉာဏ်စသည်တို့နှင့်ပြည့်စုံသည့်ပုဂ္ဂိုလ်တို့ အား ဝိပဿနာညစ်ညူးကြောင်းတရားတို့သည် မဖြစ်ကြ။

နည်းမှန်လမ်းမှန်ကျင့်သောပုဂ္ဂိုလ်၊ အမြဲမပြတ်အားထုတ်သည့်ပုဂ္ဂိုလ်၊ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်စ အာရဒ္ဓဝိပဿကပုဂ္ဂိုလ်တို့အားသာ ဝိပဿနာညစ်ညူးကြောင်းတရားတို့သည် ဖြစ်ပေါ်ကြ၏။ (ဝိသုဒ္ဓိမဂ်၊ ဒု ၊ ၂၆၉)

## ဝိပဿနုပက္ကိလေသ = ဝိပဿနာညစ်ညူးကြောင်းတရား (၁၀)ပါး

ဩဘာသေ စေဝ ဉာဏေစ၊ ပီတိယာ စ ဝိကမ္ပတိ။
ပဿဒ္ဓိယာ သုခေ စေဝ၊ ယေဟိ စိတ္တံ ပဝေဓတိ။
အဓိမောက္ခေစ ပဂ္ဂဟေ၊ ဥပဋ္ဌာနေစ ကမ္ပတိ။
ဥပေက္ခာဝဇ္ဇနာယစ၊ ဥပေက္ခာယ နိကန္တိယာ။ (ပဋိသမ္ဘိဒါ၊ ၂၉၂)

၁။ ဩဘာသ = အလင်းရောင်

သမာဓိသက်သက်ကြောင့်၄င်း၊ ဝိပဿနာဉာဏ်ကြောင့်၄င်း၊ အလင်းရောင်သည် ဖြစ်ပေါ်လာတတ်၏။ အလင်းရောင်နှင့်စပ်၍ဖြစ်သော သာယာနှစ်သက်မှု= တဏှာ၊ နိုင်းယှဉ်ထောင်လွှားမှု=မာန၊ အထင်မှားမှု = ဒိဋ္ဌိ ဟူသောတရားဆိုးများသည်သာ ဝိပဿနာညစ်ညူးကြောင်း ဘေးရန်အစစ်ဖြစ်ကြ၏။

၂။ ဉာဏ = လျင်မြန်စွာ ဖြစ်ပျက်နေသော ရုပ်နာမ်တရားတို့ကို လိုက်၍ လျင်မြန်စွာ ရှုလျှက် ရှင်းလင်းပြတ်သားစွာ သိမြင်သည့်ဉာဏ်

ထိုအသိဉာဏ်နှင့် ဆက်စပ်၍ဖြစ်ပေါ်နေသော တဏှာ၊ ဒိဋ္ဌိ၊ မာနတို့သည်သာ ဝိပဿနာ ညစ်ညူးကြောင်း ဘေးရန်အစစ်ဖြစ်ကြ၏။

အခြားသော ဝိပဿနာညစ်ညူးကြောင်းများလည်း နည်းတူ မှတ်ရမည်။

၃။ ပီတိ =

(က) ခုဒ္ဒိကာပီတိ = ကိုယ်ထဲ၌ ဖျဉ်းကနဲ ကြက်သီးထခြင်း၊ အသားအရေး တဆတ်ဆတ်တုံ လှုပ်ခြင်း၊ မျက်ရည်ယိုစီးချခြင်း၊ ရင်ထဲ နှလုံးထဲ၌ ဖိုကနဲ လှိုက်ကနဲ တက်ကြွခြင်း၊ ကိုယ်ထဲ၌ စိမ့်ကနဲ ငြိမ့်ကနဲ ကောင်းသွားခြင်းတို့ကို တစ်ကြိမ်မျှဖြစ်၍ ပျောက်ငြိမ်းသွားသော သေးငယ်သော နှစ်သိမ့်အားရမှု

(ခ) ခဏိကာပီတိ = ကြက်သီးထခြင်းစသည်တို့ကို အကြိမ်များစွာဖြစ်စေ၍ လျှပ်စီးလက်သကဲ့သို့ ခဏခဏ အဖန်ဖန်အထပ်ထပ်ဖြစ်ပေါ်နေသော နှစ်သိမ့်အားရမှု

ဓမ္မပီတိ

တရားဟောနေစဉ်အခါ တရားနာနေစဉ်အခါ တရားတော်များကို သင်ကြားပို့ချပေးနေစဉ် အခါ လေ့လာသင်ယူနေစဉ်အခါတို့၌ ကိုယ်တွင်း၌ဖြစ်သောပီတိသည် တက်ကြွမှုကို ဖြစ်စေ၏၊ မျက်ရည်ယိုစီးမှုကိုဖြစ်စေ၏၊ ကြက်သီးမွေးညှင်းထခြင်းကို ဖြစ်စေ၏၊ သံသရာဝဋ်ဆင်းရဲ၏ အဆုံးကို ပြုလုပ်တတ်၍ အရဟတ္တဖိုလ်တိုင်အောင် ဖြစ်စေနိုင်သောကြောင့် အခြားလောကီ မွေ့လျော်ခြင်းတို့ထက် သာလွန်မြင့်မြတ်၏။ (ဓမ္မပဒအဋ္ဌကထာ ၊ ၃ ၊ ၃၅၃)

## ဆေးဖက်ဝင်မျက်ရည်

"အရှင်နာဂသေန အရှင်မြတ်ဘုရား
ချစ်ခင်မြတ်နိုးသည့် မိခင်စသည်၏ သေဆုံးခြင်းကြောင့် ကျသည့် လောကမျက်ရည်၊ တရားကျင့် ကြံ အားထုတ်ခြင်းကြောင့် နှစ်သက်ကျေနပ်၍ ကျသည့် ဓမ္မမျက်ရည် (၂)တို့တွင် အဘယ် မျက်ရည်သည် ဆေးဖြစ်၍ အဘယ်မျက်ရည်သည် ဆေးမဖြစ်ပါသလဲ?"ဟု မိလိန္ဒမင်းက မေးလျှောက်ရာ အရှင်မြတ်က
"မဟာရာဇ  လောကမျက်ရည်သည် တွယ်တာမှု = ရာဂ၊ စိုးရိမ်ပူဆွေးမှု = ဒေါသတို့မှ ဖြစ်ပေါ်လာ ခြင်းကြောင့် အညစ်အကြေးတွေ ရှိနေ၏၊ ပူလောင်ပင်ပန်း၏၊ ထို့ကြောင့် ဆေးမဖြစ်။ ဓမ္မမျက်ရည်သည်ကား ပီတိသောမနဿတို့မှ ဖြစ်ပေါ်လာခြင်းကြောင့် အညစ်အကြေးတွေ ကင်းနေ၏၊ တည်ငြိမ်အေးချမ်း၏၊ ထို့ကြောင့် ရောဂါ ကိလေသာကင်းကြောင်း ဆေးဖြစ်၏ "ဟု မိန့်တော်မူ၏။ (မိလိန္ဒပဉှာ၊ ၈၁)

(ဂ) ဩက္ကန္တိကာပီတိ = ကမ်းကို ဖုံးလွှမ်းတော့မည့်အနေဖြင့် အတင်းပြေးတက်လာသောပင်လယ် လှိုင်းလုံးကြီးများသည် ကမ်းစသို့ ရောက်လျှင် ပျောက်ပြယ်သွားသလိုပင် တစ်ကိုယ်လုံးကို လွှမ်းခြုံ တော့မည့်အနေဖြင့် ကိုယ်ထဲ၌ လှိုက်လှဲပြင်းထန်စွာ ပျံ့နှံ့လာပြီးလျှင် ပျက်ပြယ်သွားသော အားရ နှစ်သိမ့်မှု
(ဃ) ဥဗ္ဗေဂါပီတိ =  မိမိကိုယ်ကိုယ်ပင် ဘယ်လိုနေသည်ဟု မသိနိုင်လောက်အောင် တစ်ဖျဉ်းဖျဉ်း တစ်စိမ့်စိမ့်နှင့် အားကောင်းစွာ ဖြစ်ပေါ်လာပြီးလျှင် တစ်ကိုယ်လုံးကိုဖြစ်စေ ကိုယ်အင်္ဂါ တစိတ်တပိုင်းကိုဖြစ်စေ တက်ကြွလှုပ်ရှား လွင့်စင်သွားစေနိုင်သော နှစ်သိမ့်မှု
(င) ဖရဏာပီတိ = တစ်ကိုယ်လုံး၌ စိမ့်အေးလျှက် အလွန်ကောင်းသော အတွေ့အထိ ပီတိဇရုပ် တို့ကို ပျံ့နှံ့စေလျှက် အလွန်အားကြီးစွာ ဖြစ်ပေါ်သော နှစ်သိမ့်မှု

၄။ ပဿဒ္ဓိ= ပူအိုက်ရာမှ အအေးထဲသို့ ရုတ်တရက် ရောက်သွားသကဲ့သို့၄င်း၊ မောပမ်းနေရာမှ ရုတ်တရက် အမောအပမ်း ပြေသွားသကဲ့သို့၄င်း ကြောင့်ကြစိုက်လျှက် ပျံ့လွင့်ခြင်း ပူပန်ခြင်းတို့မှ ကင်းသည်ဖြစ်၍ ကိုယ်ထဲ စိတ်ထဲ၌ အေးငြိမ်းခြင်းသဘော။
ပဿဒ္ဓိဖြစ်လျှင် သူ၏ တွဲဖက်များဖြစ်သော လဟုတာ, မုဒုတာ, ကမ္မညတာ, ပါဂုညတာ, ဥဇုကတာ တို့သည်လည်း ထင်ရှားဖြစ်ပေါ်လာကြ၏။

ဤပဿဒ္ဓိစသော တရား(၆)ပါးတို့၏ ထက်သန်စွာ ဖြစ်ခြင်းကြောင့် ကာရိယာပုထ်လေးပါးလုံးဖြစ်စေ အသေးစိပ်အမူအရာဖြစ်စေ ရှုသိရာ၌ မကောင်းသည်ကို မတွေ့ရဘဲ အမြဲတမ်း ကောင်းနေ၏ ဟု သာ ထင်တတ်သည်၊ ကိုယ်ရော စိတ်ရော ငြိမ်းအေး၍ အလွန်နေထိုင်ကောင်း၏၊ အလွန်ချမ်းသာ၏ ဟု ထင်တတ်သည်။

၅။ သုခ = ရှုသိစိတ်နှင့် အတူတွဲလျှက် ရွှင်လန်းချမ်းသာမှု စိတ်ချမ်းသာမှုကြောင့် ကိုယ်ချမ်းသာမှုလည်း များစွာဖြစ်တတ်၏။ စဉ်းစားဆင်ခြင်၍ ဝမ်းသာမှုသည် အလွန်အကဲဖြစ်တတ်၏၊
ထို့ကြောင့် မိမိဖြစ်ပုံကို သဘောတူပုဂ္ဂိုလ်များအား မပြောဘဲ မနေနိုင်။
ဤသုခ ပီတိ ပဿဒ္ဓိတို့နှင့် ပြည့်စုံသော ယောဂီသည် ထိုအချိန်အခိုက်အတန့်၌ သာမန် လူ နတ်တို့၏ မွေ့လျော်ခြင်းထက် လွန်ကဲထူးမြတ်သော မွေ့လျော်မှုကို ခံစားရ၏။

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။

အ.နမာသီ ရတိ ဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော။ (ဓမ္မပဒ၊ ၃၇၃)

ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။

လဘတေ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။ (ဓမ္မပဒ၊၃၇၄) (၂၅၊ ဘိက္ခုဝဂ်)

ဆိတ်ငြိမ်ရာ အရပ်သို့ ဝင်ရောက်၍ ကောင်းစွာ ရုပ်နာမ်တရားတို့ကို ရှုသိသော ပဿဒ္ဓိ၏ အစွမ်းကြောင့် ငြိမ်းအေးသော စိတ်ရှိသောရဟန်း(ယောဂီ)အား သာမန် လူ နတ်တို့မတွေ့နိုင်သော ဝိပဿနာပီတိသုခဟူသော မွေ့လျော်ခြင်းသည်ဖြစ်၏။

ရုပ်နာမ်တရားအဖို့မှ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို ဆင်ခြင်သုံးသပ်တိုင်း အနည်းငယ် နှစ်သက်မှုပါမောဇ္ဇ များစွာနှစ်သိမ့်အားရမှုပီတိကို ရ၏၊ ထိုပါမောဇ္ဇပီတိသည် အဖြစ်အပျက်ကို သိသောယောဂီပုဂ္ဂိုလ်တို့၏ သေခြင်းကင်းရာနိဗ္ဗာန်သို့ ရောက်ကြောင်းပင် ဖြစ်၏။

၆။ အဓိမောက္ခ = ရှုသိစိတ်နှင့်အတူတွဲလျှက် အလွန်ကြည်လင်သော သဒ္ဓါ
၇။ ပဂ္ဂဟ = မလျော့မတင်း ညီမျှစွာ မှန်မှန်အားထုတ်သော ဝီရိယ
၈။ ဥပဋ္ဌာန = ရုပ်နာမ်တရားတို့သည် ရှုသိစိတ်ထဲသို့ အလိုလိုဝင်ရောက်လာသကဲ့ငှင်း၊ ရှုသိစိတ်သည်လည်း ထိုရုပ်နာမ်တရားများထဲသို့ အလိုလို ဝင်ရောက်သွားသကဲ့ငှင်း၊ ထင်ပေါ်လာသောသတိ
၉။ ဥပေက္ခာ = ဝိပဿနုပေက္ခာ၏ ရှေ့သွားဖြစ်သော အာဝဇ္ဇနုပေက္ခာ၊ ဝိပဿနုပေက္ခာ ဥဒယဗ္ဗယဉာဏ်ကောင်းစွာဖြစ်သောကာလ၌ ရှုသိစရာအာရုံကို အထူးကြောင့်ကြစိုက်ရခြင်း၊ ရှာကြံရခြင်းမရှိဘဲ ရှေးရှေးရှုသိစိတ်၏ အခြားမဲ့၌ပင် ဖြစ်ပေါ်နေသော ရုပ်နာမ်တရားကို တည့်တည့် မတ်မတ်ဆင်ခြင်လည်း ဆင်ခြင်မိ၏၊ ထိုရှုသိစရာ အာရုံဆီသို့ တဟုန်တည်း ပြေးသွားသကဲ့သို့ သိလည်းသိ၏၊ ဤသို့ ဖြောင့်မတ်စွာ ဆင်ခြင်လျှက်ဖြစ်သော အာဝဇ္ဇန်းသည် အာဝဇ္ဇနုပေက္ခာဖြစ်၏။

ယင်းအာဝဇ္ဇန်းအားလျော်စွာ အထူးကြောင့်ကြမစိုက်ရဘဲ ဖြစ်ပေါ်နေသော ရုပ်နာမ်ကိုပင် ရှုသိလျှက် ဖြစ်သော ဝိပဿနာဉာဏ်သည် ဝိပဿနုပေက္ခာဖြစ်၏။

အထူးကြောင့်ကြမစိုက်ရဘဲ သူ့အလိုလိုပင် ဆင်ခြင်လျှက် သူ့အလိုလိုပင် ရှုသိလျှက်နေသကဲ့သို့ဖြစ်သော ဤဥပေက္ခာ (၂)မျိုးလုံးကိုပင် ရှုသိမှု တကြိမ် တကြိမ်၌ပါဝင်လျှက် ဖြစ်နေ၏။

၁၀။ နိကန္တိ = အလင်းရောင်စသော ထူးခြားစွာရှုသိနိုင်သည့် ဝိပဿနာညစ်ညူးကြောင်း တရားတို့၌ သာယာနှစ်သက်သဘောကျသည့် တဏှာ

ဤနှစ်သက်သာယာမှုသည် အလွန်သိမ့်မွေ့သဖြင့် စိတ်၏အညစ်အကြေးကိလေသာဟု မထင်နိုင်ဘဲ ဘာဝနာတရားမှာ မွေ့လျော်ပျော်မှု= ဘာဝနာရတိ ဟု ထင်မှတ်တတ်၏။

ထို့ကြောင့် ယင်းသာယာနှစ်သက်မှုကိုပင် တရားဟုငှင်း တရားထူးကို ရသည့်အတွက် ဘာဝနာမှာ ပျော်မွေ့မှုဖြစ်သည်ဟုငှင်း ထင်မှားတတ်ကြ၏။

ဤနိကန္တိသည်သာ ဝိပဿနာညစ်ညူးကြောင်း အစစ်ဖြစ်၏၊ ထို့ကြောင့် ယင်းနိကန္တိဖြစ်ရုံမျှဖြင့်ပင် ဝိပဿနာပျက်စီးတတ်၏၊ ထိုနိကန္တိကို တဏှာ မာန ဒိဋ္ဌိတို့ဖြင့် ထင်မှားစွဲလမ်းခြင်းကြောင့် ဝိပဿနာပျက်စီးတတ်သည်ကိုကား သေချာနေတော့၏။

ဤဥပက္ကိလေသတို့သည် ရှုသိမှုစိတ်၌ တစ်ခုချင်းလည်းဖြစ်တတ်ကြ၏၊ နှစ်ခု သုံးခုစသည်ဖြင့် အများလည်း ဖြစ်တတ်ကြ၏၊ နိကန္တိမှ ကြွင်းသော ဥပက္ကိလေသ (၉)ပါးလုံးလည်း တပြိုင်နက် ဖြစ်ပေါ်နိုင်ကြ၏၊ ဆင်ခြင်စွဲလမ်းမှုသည်ကား အသီးသီး တစ်ခုချင်း၌သာ ဖြစ်၏၊ ထို့ကြောင့် ပြခဲ့သောအစဉ်ကို ဖြစ်စဉ်မဟုတ်၊ ဒေသနာအစဉ်မျှသာဟု မှတ်ရမည်။

## ဂါဟ= အစွဲ (၃၀)

ယခင်က မဖြစ်ဖူး၍ ထူးဆန်းသော အလင်းရောင် ဉာဏ်ပီတိစသည်တို့ကိုပင် တရားထူးဟုငှင်း တရားထူးကို ရ၍သာ ဤသို့ထူးခြားစွာဖြစ်သည်ဟုငှင်း ထင်မြင်ယူဆသော ပုဂ္ဂိုလ်အား ရှုသိမှုဟူသော ဝိပဿနာလမ်းသည် ချော်လွဲသွား၏။

အထက်ဉာဏ်ထူး တရားထူးများကိုရအောင် ကြိုးစားမရှုသိတော့ဘဲဖြစ်စေ လုံးဝ မရှုသိတော့ဘဲဖြစ်စေ ဖြစ်ပေါ်လာသော အလင်းရောင်စသည်တို့ကိုသာ သာယာစွဲလမ်းလျက် အဖန်ဖန်စဉ်းစားနေလေ၏။

ထိုအလင်းရောင်စသည်တို့တွင် တစ်ပါးပါး၌ သာယာနှစ်သက်နေလျှင် တဏှာစွဲဖြစ်၏၊ ငါ့မှာသာ ဒီလိုထူးခြားစွာဖြစ်နေ၏၊ ငါဟာ သူများထက် ထူးခြား၏ ဟု အထင်ကြီးနေလျှင် မာနစွဲဖြစ်နေ၏၊ ငါဟာ လင်းနေ၏၊ လင်းနေတာဟာ ငါပဲ၊ ငါရဲ့ အလင်းရောင်၊ အလင်းရောင်ဟာ ငါရဲ့ အစိတ်အပိုင်းပဲ ဟု ထင်မြင်ယူဆစွဲလမ်းနေလျှင် ဒိဋ္ဌိစွဲဖြစ်၏။

ဥပက္ကိလေသဝတ္ထု တစ်ပါး၌ ဂါဟ=အစွဲ သုံးပါးစီရှိ၏၊ ဥပက္ကိလေသဝတ္ထု (၁၀)ပါးရှိခြင်းကြောင့် ဂါဟ အစွဲ (၃၀)ရှိကြ၏၊ ဝတ္ထုအသီးသီး၌ဖြစ်ကြသော ဂါဟ = အစွဲသုံးပါးကို တစ်မျိုးတည်းပေါင်း၍ယူလျှင် ဥပက္ကိလေသ (၁၀)ပါးမျှသာ ဖြစ်၏။